**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၃ /၂၀၂၄ )**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိမီ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိလာသော ကုန်ပစ္စည်းများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာခြင်း**

၁။ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)ကို ရည်ညွှန်း၍ **"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်"** ဟု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ထို့အပြင် သွင်းကုန်လိုင်စင်(ပါမစ်အပါအဝင်)ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၅-၄-၂၀၂၂ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ(၆/၂၀၂၂) ဖြင့်လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၅-၄-၂၀၂၄ ရက်စွဲပါ အသိပေးကြေညာချက်ဖြင့်လည်းကောင်း ထပ်မံအသိပေး ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါသွင်းကုန်ပစ္စည်းများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန